COVID-19 ကိုရိုနာဗိုင်းရပ်စ်အဆုတ်ရောင်ရောဂါပြန့်ပွားမှု ကာကွယ်ရေးတွင်
ပါဝင်ဆောင်ရွက်နေသော ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ဝန်ထမ်းများ
လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များ
၂/၂၀၂၀ (၃၀.၃.၂၀၂၀)

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတော်၏ လူမှုကရုဏာလုပ်ငန်းများတွင် အရန်အင်အား ဖြစ်သည်နှင့်အညီ လက်ရှိ ဖြစ်ပွားနေသော COVID-19 ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် နိုင်ငံ တစ်ဝှမ်းလုံးရှိ ကြက်ခြေနီ စေတနာလုပ်အားရှင်များနှင့် အသင်း၏ဝန်ထမ်းများက စွမ်းစွမ်းတမံ ကူညီ ဆောင်ရွက်ပေးလျှက် ရှိသည်ကို ဂုဏ်ယူစွာ တွေ့ရှိရပါသည်။

ထိုသို့ ကူညီဆောင်ရွက်ရာတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များ ဘေးကင်းစွာ ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ဆောင်ရန် / ရှောင်ရန် အချက်များကို လုပ်ငန်း ဆောင်ရွက်သည့်အခါတိုင်း လိုက်နာ ဆောင်ရွက် ရမည် ဖြစ်ပါသည် -

## <u>လိုက်နာဆောင်ရွက်ရန်အချက်များ</u>

- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှညွှန်ကြားထားသော ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များ အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်၊
- ကြက်ခြေနီ စေတနာလုပ်အားရှင်များအနေဖြင့် မိမိနေထိုင်ရာ မြို့နယ်အတွင်း၌သာ တာဝန်ထမ်းဆောင်ရန်နှင့် နယ်မြေဒေသကျော်လွန်ကာ တာဝန်ထမ်းဆောင်ခြင်းမပြုရန်၊
- COVID-19 (ကိုရိုနာဗိုင်းရပ်စ်အဆုတ်ရောင်ရောဂါ) နှင့် ပတ်သက်သည့် အသိပညာပေး လက်ကမ်း စာစောင်များအား ရပ်ရွာလူထု အလွယ်တကူရယူနိုင်သောနေရာများတွင်သာ

ထားရှိရန် (ရောဂါကူးစက်မှုဖြစ်ပွားနိုင်၍ လတ်တလောတွင် ကြက်ခြေနီ စေတနာ လုပ်အားရှင်များမှ တိုက်ရိုက်ဝေငှခြင်းမပြုလုပ်ရန်)

- မြို့နယ်အလိုက် အမာခံ ကြက်ခြေနီစေတနာလုပ်အားရှင် အင်အား၊ ဆက်သွယ်ရန် လိပ်စာ၊ **ဖုန်းနံပါတ်** တို့ကို စာရင်းပြုစုထားရမည်။ (**မှတ်ချက်၊ အသက် (၅၀)နှစ်နှင့်အထက်၊ နာတာရှည် ရောဂါရှိသူများ အထူးသဖြင့် သွေးတိုး၊ ဆီးချိုး၊နှလုံး၊ နာတာရှည် အသက်ရှူ လမ်းကြောင်း ရောဂါရှိသူများ အနေဖြင့် ရောဂါကူးစက်လွယ်၍ ရှေ့တန်းမှ ပါဝင် ဆောင်ရွက်ခြင်း မပြုရန်)**
- အသွားအလာကန့်သတ်ခြင်းနေရာများရှိ သံသယလူနာများအား စိတ်ပိုင်းဆိုင်ရာအားပေး ကူညီမှု ဆောင်ရွက်ရာတွင် တယ်လီဖုန်းဖြင့်သာ ဆောင်ရွက်ရန်၊
- မိမိတွင် ရောဂါကာကွယ်ရေး ဝတ်စုံ/ ပစ္စည်းများ ပြည့်စုံစွာစနစ်တကျ ဝတ်ဆင် ထားခြင်း မရှိပါက သံသယ လူနာ (သို့) စောင့်ကြည့်လူနာ ကို နီးကပ်စွာသွားလာခြင်း နှင့် ကူညီ ဆောင်ရွက်ပေးခြင်း လုံးဝမပြုလုပ်ရန်၊
- ကျန်းမာရေးဦးစီးဌာနမှ စောင့်ကြည့်လူနာ ဆောင်ရွက်ခြင်းလုပ်ငန်းများတွင် တာဝန်ပေးအပ် လာပါက အလှည့်ကျတာဝန်ယူခြင်း / တာဝန်ချ ထားခြင်းကိုစနစ်တကျမှတ်တမ်းရေးသွင်း ပြီးဆောင်ရွက်ရန်။ (လုပ်ငန်းဆောင်ရွက်တိုင်းတွင် ရောဂါကာကွယ်ရေး နည်းလမ်းများကို ကိုယ်တိုင် သိရှိ နားလည်ထားရမည် ဖြစ်ပြီး ရောဂါကာကွယ်ရေး အသုံးအဆောင် များကို ပြည့်စုံစွာ ဝတ်ဆင်ပြီးမှသာ ဆောင်ရွက်ကြရန်။)
- တာဝန်ယူဆောင်ရွက်သူများအနေဖြင့် မိမိဝတ်ဆင်သည့် အဝတ်အထည်အပါအဝင် အသင်း တံဆိပ်ပါ အေပရွန် (Apron) သို့မဟုတ် ဝေ့စကုတ် (Waistcoat) တို့ကို နေ့စဉ် သေချာစွာ လျှော်ဖွတ် လဲလှယ်ဝတ်ဆင်ရန်၊
- COVID-19 သံသယလူနာအား နေအိမ် (သို့မဟုတ်) အသွားအလာကန့်သတ်၍ စောင့်ကြပ် ကြည့်ရှုရသည့် လူများအား ဆေးရုံသို့ ပို့ဆောင်ရန် တာဝန်ပေးအပ်လာပါက အောက်ပါ အချက်များပြည့်စုံမှုရှိ/မရှိ စီစစ်ရန်နှင့် ပြည့်စုံမှသာပို့ဆောင်ပေးရန်

(၁) အသုံးပြုမည့် လူနာတင်ယာဉ်သည် သတ်မှတ် စံညွှန်းအတိုင်း ပြည့်မီမှ ဆောင်ရွက်ရန် (အထူးသဖြင့် ယာဉ်မောင်းနှင့် နောက်ခန်းသည် သီးခြားကာရံ ထားရန်လိုပါသည်။)

(၂) ယာဉ်ပေါ်တွင်လိုက်ပါမည့် ကြက်ခြေနီစေတနာလုပ်အားရှင်များသည် PPE ဝတ်စုံပြည့်စုံစွာဝတ်ဆင်ရမည် ဖြစ်ပြီး ဝတ်ဆင်မှုနှင့်စပ်လျဥ်း၍ သင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။

(၃) လူနာပို့ဆောင်ပြီးပါက သူနာတင်ယာဉ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ပိုးမွှားသန့်စင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(၄) လူနာပို့ဆောင်ရာတွင်လူနာနှင့်အတူအကူတစ်ဦးသာလိုက်ပါစေရန်၊

- လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာကို အုပ်ချုပ်ရေး အထောက်အကူပြုအရာရှိများ မှ တဆင့် အဆင့်ဆင့် အစီရင်ခံစာ ပေးပို့ရန်။
- သတ်မှတ် (Community Quarantine Centre) နေရာတွင် အသွားအလာစောင့်ကြည့်တာဝန် ထမ်းဆောင်နေသော ကြက်ခြေနီစေတနာလုပ်အားရှင်များ အန္တရာယ်ကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မြို့နယ်/ခရိုင်/တိုင်းဒေသကြီး/ပြည်နယ် အဆင့်မှ ဥက္ကဌများနှင့်တပ်ဖွဲ့မှူးများ ကအနီးကပ်ကြီးကြပ် ဆောင်ရွက်ရန်၊

## ရှောင်ရန်အချက်များ

- လက်ကမ်းစာစောင်များအားရပ်ရွာ လူထုထံ အုပ်စုလိုက်သွားရောက်ဝေမျှခြင်းများမပြုရန်၊
- တာဝန်ပေးစေလွှတ်ခြင်းခံရသည့် ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကြက်ခြေနီ လှုပ်ရှားမှု ပုံရိပ်ကိုညှိုးနွမ်းစေမည့် မည့်သည့် ကိစရပ်ကိုမဆို ရှောင်ရှားရန်၊
- ကြက်ခြေနီစေတနာလုပ်အားရှင်များ အနေဖြင့် လူမှုကရုဏာလုပ်ငန်း နှင့် ရောဂါကာကွယ်ရေး လုပ်ငန်းများမှ သွေဖီသည့်လုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်းမပြုလုပ်ရန်၊

- လူမှုကွန်ယက်စာမျက်နှာပေါ်တွင် လူသားချင်းစာနာထောက်ထားမှုကို ထိခိုက်စေမည့် အသုံးအနှုန်းများ၊ ဓာတ်ပုံများ၊ အချင်းချင်း ပြစ်တင်ရှုံ့ချသည့် အရေးအသားများ မပြုလုပ်ရန်၊
- အသင်းတံဆိပ်မှအပ အခြားအထင်အမြင်လွဲမှားနိုင်သည့် တံဆိပ်များတပ်ဆင်အသုံးမပြုရန်၊
- ရောဂါကူးစက်မှုရှိနိုင်၍ ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ညွှန်ကြားချက်များကို မှန်ကန်တိကျစွာ လိုက်နာနိုင်ခြင်းမရှိသော ကြက်ခြေနီ စေတနာလုပ်အားရှင်များအား တာဝန် ပေးအပ်ခြင်းမပြု ရန်၊
- ကြိုတင်ခွင့်ပြုထားခြင်းမရှိဘဲ သတင်းမီဒီယာများနှင့်အင်တာဗျူးမပြုလုပ်ရန်၊ (မီဒီယာများက ဆက်သွယ် လာပါက သက်ဆိုင်ရာ ပြည်နယ်တိုင်း ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ မှ တာဝန်ပေးအပ်သူနှင့်ဆက်သွယ်ဆောင်ရွက်ရန်)
- လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း မလိုလားအပ်သည့် ပြဿနာများ မဖြစ်ပေါ် စေရန် အဖိုးတန် လက်ဝတ်လက်စားများ ဝတ်ဆင်ခြင်းနှင့် အချိန်မတော် သွားလာ ခြင်းများ မပြုရန်၊

အထက်ဖော်ပြပါ လမ်းညွှန်ချက်များကို တိကျစွာ လိုက်နာပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံကြက်ခြေနီ အသင်းတို့မှ ထုတ်ပြန်လျက်ရှိသော သတိပေးနှိုးဆော်ချက် များကို စဉ်ဆက်မပြတ်ကြည့်ရှု လေ့လာ ဆောင်ရွက်သွားရန်တိုက်တွန်း နှိုးဆော်အပ်ပါသည်။ (ထူးခြား ဖြစ်စဉ်များ သို့မဟုတ် **ဖြေရှင်းရန်အခက်အခဲကြုံ တွေ့ပါက** အရေးပေါ်ကွပ်ကဲရေး စင်တာ၊ ဖုန်း ၀၁-၈၃၉၈၂၅၇ (ဖက်စ်/ဖုန်း)၊ ၀၉-၂၆၁၄၆၀၆၀၇ သို့ ဆက်သွယ် သတင်းပေးပို့ ရမည်။

(signature) 1/4

အထွေထွေအတွင်းရေးမှူး (ကိုယ်စား)

(ဒေါက်တာတင်ထွန်းအောင်၊ ဒုတိယအထွေထွေအတွင်းရေးမှူး)